သခင့်စကား ၁-၂၄

# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

ကောင်းသောမြေ၌ ရှိသောသူဟူကား၊ ဖြောင့်မတ်စင်ကြယ်သော စိတ်နှလုံးနှင့် တရားစကားကိုကြားလျှင် စွဲလန်းသောအားဖြင့် မြဲမြံစွာ အသီးသီးသောသူကို ဆိုလိုသတည်း။ လုကာ ၈း၁၅

အမှတ်စဉ် ( ၂၅ )   ဖေဖော်ဝါရီလ   ၂၀၀၇ ခုနှစ်   ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

## ဝိညာဉ်ရေးရာအမေးအဖြေ



**အမေး** ။ ။ သခင်ယေရှု ခရစ်တော် လူ့ဇာတိ ခံယူတုံးက သူ့ကို မုန်းတဲ့သူတွေ၊ ရန်သူတွေ၊ အပြစ်တင်တဲ့သူတွေ ဘာ့ကြောင့် အများကြီး ရှိနေကြတာလဲ။

**အဖြေ** ။ ။ လူ့လောက ကမ္ဘာကြီးထဲမှာ 'လူ' ဆိုတဲ့ သတ္တဝါဟာ များသောအားဖြင့် ကောင်းမွန်တဲ့ သဘောတရား၊ ကောင်းမြတ်ခြင်းတွေကို ငြင်းပယ်လေ့ရှိပြီး ဆိုးညစ်တဲ့ တရားနဲ့ မကောင်းတဲ့ အကျင့်သဘောတွေကို မကြာခဏ လက်ခံကျင့်သုံးတတ်ကြပါတယ်။

ဘုရားသားတော် ယေရှုခရစ်တော်ကို ကားစင်တင်သတ်ဖို့ အော်ဟစ်နေတဲ့ လူအုပ်ကြီးဟာ တစ်ချိန်တည်းမှာဘဲ လူဆိုးကြီး ဗာရဗ္ဗ ကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဘုရင်ဆီမှာ တောင်းဆိုခဲ့ကြပါတယ်။ သမ္မာကျမ်းစာက ဘယ်လိုပြောထားသလဲဆိုတော့ ... သူတို့၏ နှုတ်တွင် သစ္စာမရှိပါ၊ သူတို့ နှလုံးသည် ဖောက်ပြန်ခြင်း၏၊ သူတို့၏ လည်ချောင်းသည် ဖွင့်ထားသော သင်္ချိုင်းတွင်းဖြစ်၏။ ဆာလံ ၅း၉

ယေရှု ရဲ့ ကောင်းမြတ်ခြင်းတွေက လူသားတွေရဲ့ ဆိုးညစ်ခြင်းကို ပြင်းပြင်းထန်ထန် အပြစ်တင် နေဆဲပါဘဲ၊ ယေရှု ရဲ့ သန့်စင်ခြင်း တွေက လူသားတွေရဲ့ မသန့်စင်ခြင်းကို မီးမောင်း ထိုးပြနေဆဲပါဘဲ၊ ယေရှု ရဲ့ အပြစ် ကင်းခြင်းက လူသားတွေရဲ့ ဒုစရိုက်အပြစ်ကို ဖော်ထုတ်ပြသနေဆဲပါဘဲ။

လူသား တွေရဲ့ ဘဝထဲမှာရှိနေတဲ့ မကောင်းဆိုးဝါးကို ယေရှု ခရစ်တော်ရဲ့ နာမနဲ့ မနှင်ထုတ် သရွေ့၊ လူသားတွေရဲ့ ဘဝထဲမှာ ရှိနေတဲ့ ယေရှု ကို မကောင်းဆိုးဝါးက နှင်ထုတ်ဖို့ တောင်းဆို လိမ့်မယ်။

မတရား၊ မမျှတ တဲ့ လောကကြီးက၊ တရားမျှတ တဲ့ ဘုရားလောကကို ကြုံဆင်း လာတဲ့အခါ လုံးဝ လက်မခံနိုင်ဘဲ ငြင်းဆန်ကြတာဖြစ်ပါတယ်။

( BILLY GRAHAM ၏ **answer your questions** အား ဘာသာပြန်ဆိုပါသည်။ [ **ကျွန်တော်** ]

## အချစ်ရဆုံးသောသူကိုအမြဲရှိစ်ရဆုံးပေါ့

လူ့ ဘဝအသက်တာ ခနအသက်ရှင်စဉ်မှာ လူများစွာနဲ့ တွေ့ကြုံရမှာဖြစ်ပါတယ်။ အဲဒီလူတွေထဲမှာ ကိုယ်ချစ်တဲ့သူရော မုန်းတဲ့သူပါ ပါဝင်မှာ ဖြစ်ပါတယ်။ ချစ်တဲ့သူကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောမထွက်ပေမဲ့ ချစ်တယ်ဆိုတဲ့ အကြောင်းကို အမူအယာနဲ့ ပြတတ်ကြပါတယ်။ မုန်းတဲ့သူကိုတော့ "နင့်ကိုသိပ်မုန်းတယ်" လို့ မပြောသင့်လို့ ထိန်းချုပ်ထားပေမဲ့ စိတ်ထဲမှာတစ်မျိုး အမူအယာနဲ့တစ်မျိုး မနှစ်မြို့ကြောင်း ဖော်ပြမိတတ်ကြပါတယ်။ လူသားတွေရဲ့ ဘဝမှာ အချစ်ဆိုတာ ရှိစမြဲပါ။ မိဘအချစ်၊ မောင်နှမအချစ်၊ သားသမီးအချစ်၊ သူငယ်ချင်းအချစ်၊ ချစ်သူရည်းစားအချစ်၊ ဘုရားသခင်အချစ် တို့ဟာ ခရစ်ယာန်တိုင်း အမြဲ တွေ့ကြုံရစမြဲဖြစ်ပါတယ်။ ကျွန်မ အနေနဲ့ အချစ်နဲ့ပါတ်သက်ပြီး ခံစားခဲ့ရတဲ့ အချက်လေးကို ဝေမျှချင်ပါတယ်။

ကျွန်မမှာ မောင်နှမ နှစ်ယောက်ဘဲရှိပါတယ်။ ကျွန်မဟာ မောင်လေးကို ငယ်ငယ်လေး ကတည်းက အမြဲတမ်း အနိုင်ယူ ဗိုလ်ကျစမြဲပါ။ မိဘတွေက မောင်လေးကို ပိုကရုစိုက်ရင် ကျွန်မ မကျေမနပ် ဖြစ်မိတယ်။ အထူးသဖြင့် အမေ့ကိုပါဘဲ။ သူက မောင်လေးကို ပိုချစ်တော့ အမြဲဘဲ အလိုလိုက် မျက်နှာသာပေးခဲ့ပါတယ်။ ကျွန်မဟာ မောင်လေးကို မနာလို ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မောင်လေးကို ကျွန်မ လုံးဝမချစ်ဘူးလို့ ထင်ပြီး အမြဲ မုန်းနေမိပါတယ်။ ဒါပေမဲ့ ဘုရားသခင်က ကျွန်မရဲ့ မောင်လေးကို ကျွန်မ ဘယ်လောက်ချစ်တယ် ဆိုတဲ့ အကြောင်း ကျွန်မကို သိစေခဲ့ပါတယ်။ ဟိုး ... လွန်ခဲ့တဲ့ နှစ်များက နွေရာသီ ကျောင်းပိတ်ရက်တွေမှာ မောင်လေးနဲ့ ကျွန်မဟာ အဖိုးအဖွားတွေရှိတဲ့ ရွာကို သွားလည်ခဲ့ကြပါတယ်။ တစ်နေ့တော့ ... အဖိုးက ပင်စင် ထုတ်တဲ့ရက်မို့ သူ့မြေးတွေ (ယောက်ျားလေးတွေ) အားလုံးနဲ့ မြို့ကို သွားကြပါတယ်။ ကျွန်မတို့ ညီအစ်မတွေဘဲ ရွာထဲမှာ ကျန်ခဲ့ကြပါတယ်။

အဲဒီနေ့ ညကြီး အချိန်မတော်မှာ မြို့က အဒေါ်က ရွာကိုရောက်လာပြီး သူ့တူတစ်ယောက် မျက်လုံးမှာ ဒဏ်ရာအကြီးအကျယ် ရတဲ့အတွက် ရန်ကုန်က အထူးကု ဆရာဝန်ဆီ အမြန်ဆုံး သွားပြရမယ်လို့ လာပြောပါတယ်။ ကျွန်မဟာ အိပ်ယာက လန့်နိုးပြီး ဘယ်သူ ဒဏ်ရာရတာလဲ၊ ကျွန်မ မောင်လေးလားလို့ စိုးရိမ်စွာ မေးလိုက်ပါတယ်။ ရင်တွေလဲ တဒိန်းဒိန်း ခုန်နေပြီး စိုးရိမ်တဲ့စိတ်က



အသုံးစွန်ကို ရောက်သွားပါတယ်။ အပေါ်က အကိရာရုတဲ့သူဟာ ကျွန်မ မောင်လေး မဟုတ်ကြောင်း၊ မောင်လေး နေကောင်းကြောင်း မနက်ဖြန် ပြန်လာမှာ ဖြစ်ကြောင်း ပြောပြမှဘဲ ကျွန်မ စိုးရိမ်စိတ်တွေ ပျောက်သွားပါတော့တယ်။ “ အဲဒီ အချိန်မှာဘဲ ကျွန်မဟာ မောင်လေးကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကို သေသေချာချာ သိသွားပါတယ်။ ပြီးခဲ့တဲ့ လများက စင်ကာပူက ရထား ဘူတာရုံ တစ်ခုမှာ accident ဖြစ်သွားခဲ့ပါတယ်။ ကျွန်မက အဲဒီနေ့မှာ အလုပ်ကို နေ့ခင်းပိုင်း ( နေ့ခင်း ၂နာရီ မှ ည ၉ နာရီအထိ ) ဆင်းရပါတယ်။ **Report pass** လုပ်ရမဲ့အချိန်မှာ ညဆိုင်း ဆင်းရမဲ့ သူနာပြုတွေ ရောက်မလာပါဘူး။ နောက်တော့ ည ၇နာရီကျော်ကျော်လောက်မှာ သူတို့ရောက်လာပြီး၊ ရထား accident ဖြစ်တဲ့အကြောင်း၊ လမ်းတွေ ပိတ်ထားရကြောင်း၊ ဆေးရုံကားတွေလည်း အဆက်မပြတ် တန်းစီနေကြောင်း ပြောပြကြပါတယ်။ ကျွန်မဟာ ချက်ခြင်းဘဲ သူငယ်ချင်းတစ်ယောက်အတွက် စိုးရိမ်သွားမိပါတယ်။ အချိန်က သူ ရုံးဆင်းတဲ့ အချိန်၊ ပြီးတော့ သူက ရထားစီးပြီး ပြန်နေကျ။ ကျွန်မရင်တွေ တဒိန်းဒိန်း ခုန်လာပြီး စိုးရိမ်စိတ်က အထွတ်အထိတ်ကို ရောက်သွားပါတယ်။ ဒါနဲ့ ဘယ်ဘူတာရုံမှာ accident ဖြစ်တာလဲလို့ မေးလိုက်တော့ Katib မှာဖြစ်တယ်လို့ ပြောမှဘဲ သက်ပြင်းချနိုင်ပါတော့တယ်။ သူပြန်လာမဲ့လမ်းက katib ဘက်က မဟုတ်တော့ စိုးရိမ်စိတ်တွေ ပျောက်သွားပါတယ်။ အဲဒီအချိန်မှ သူငယ်ချင်းကို ကျွန်မ ဘယ်လောက်ချစ်သလဲဆိုတာ သိလာခဲ့ရပါတယ်။

ကျွန်မ ဒီအဖြစ်အပျက်လေးတွေကို စဉ်းစားပြီး ဘုရားသခင်က ကျွန်မတို့အပေါ် ချစ်တဲ့အချစ်၊ စိုးရိမ်စိတ်တွေကို သိမြင်လာခဲ့ပါတယ်။ ကျွန်မဟာ ကိုယ့်သား သမီးမဟုတ်တဲ့ မောင်လေးနဲ့ သူငယ်ချင်းတွေကိုချစ်ပြီး စိုးရိမ်နေမိရင် ဘုရားသခင်က သူ့သားသမီး ( ကျွန်တော်၊ ကျွန်မ ) တို့ကို သိပ်ချစ်ပြီး သိပ်စိုးရိမ်နေရှာမှာပေါ့။ စိုးရိမ်ရခြင်းက ကိုယ်ချစ်ရတဲ့သူ ထိခိုက်နစ်နာမှာ၊ ပျက်စီးဆုံးရှုံးမှာ၊ ကိုယ်နဲ့ဝေးကွာသွားမှာကို ကြောက်ပြီး … သူ့ဒုက္ခရောက်မှာ၊ နာကျင်မှာကို မတွေ့ချင်၊ မမြင်ချင်တာဘဲ ဖြစ်ပါတယ်။ အခုအချိန်မှာ ကမ္ဘာလောကကြီးဟာ ဆိုးရွားမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ဆင်းရဲတော်မွတ်ခေါင်းပါးမှု၊ မြေလှျင်ဘေး၊ ဘေးထွက်သံယို သေကြေပျက်ဆီး ထိခိုက်ဒဏ်ရာရမှု၊ ကုစရာနတ္ထိ ဆေးမရှိတဲ့ ကြောက်မက်ဖွယ်ရောဂါ၊ စိတ်ပျက်အားငယ် ဝမ်းနည်းကြေကွဲ အထီးကျန်ဆန်မှု၊ အရာများစွာနဲ့ ပြည့်နှက်နေပါတယ်။

မိတ်ဆွေ … ဘုရားသခင်က ဒီအရာတွေကိုလျစ်လျူရှုပြီး လူတွေကို ကရုမစိုက်ဘူးလို့ မထင်ပါနဲ့၊ ဘုရားသခင်ဟာ သူ့သားသမီး ( ကျွန်တော်၊ ကျွန်မ ) တို့ကို သိပ်ချစ်ပါတယ်။ သိပ်လည်း စိုးရိမ်ပါတယ်၊ ပျက်စီးဆုံးရှုံးမှာကို မလိုလားပါဘူး။ သူဟာသိပ်ချစ်လွန်းလို့ မျက်ရည်ကျနေမှာဖြစ်ပါတယ်၊ ကျွန်မတို့ ခံစားနေရတာထက်၊ သူကပိုပြီး ထိခိုက် ခံစားနေမှာ ဖြစ်ပါတယ်။

မိန်းမသည် မိမိဝမ်းမှဘွားသော သားကို မသနားဘဲ နို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ ထိုအမိမေ့လျော့သော်လည်း၊ ငါမူကား သင့်ကို မမေ့လျော့။ ငါသည် ကိုယ်လက်ဝါး၌ သင့်ကို စာထိုးပြီ။

… လို့ ဘုရားသခင်က ဟေရှာယ ၄၉း၁၅-၁၆ မှာ ပြောထားပါတယ်။

ဘုရားသခင် သည် သူတို့ မျက်စိ၌ မျက်ရည်ရှိသမျှကို သုတ်တော်မူမည်။ နောက်တဖန် သေခြင်းမရှိရ။ စိတ်မသာညည်းတွားခြင်း ။ အော်ဟစ်ခြင်း။ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်း မူကား ရှေးဖြစ်ဖူးသော အရာတို့သည် ရွေ့သွားကြပြီ။

… လို့ ကျမ်းစာထဲမှာ ပြောထားပါတယ်။ ဘုရားသခင် ရဲ့ ချစ်ခြင်းများကို လူသားတိုင်း ခံစားရရှိကြပါစေ။ လူသားများရဲ့ ချစ်ခြင်းများကို မျှော်ကြည့်ပြီး ဝမ်းနည်းအားငယ်နေမဲ့အစား ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာ ကိုလည်း သိရှိမြင်တတ်ပါစေလို့ သက်သေခံဝေမျှရင်း … …

**နန်းစင်ဖြူ**
မှတ်မှတ်ရရ (၃-၃-၀၃)

## အတုဥအသင့်ရှိသော ဘုရားရှင်ဓါမေတ္တာတော်နှင့်ကျေးဇူးတော်



အကျွန်ုပ်၏ နှလုံးထဲမှာ စိတ်များပြားသောအခါ ကိုယ်တော်သည် သက်သာစေတော်မူသဖြင့် အကျွန်ုပ်၏ ဝိညာဉ်သည် ရွှင်လန်းပါ၏။ ဆာလံ ၉၄း၁၉

ဆားရ်စ် **SARS ( Severe Acute Respiratory Syndrome )** ရောဂါကို ကျွန်မ ကြောက်ခဲ့တယ်ဆိုတာ အရင်ဆုံး ဝန်ခံလိုပါတယ်။ သာမာန် အခြေအနေမှာ ကြောက်စိတ် ( **Fear** ) ကိုထိန်းချုပ်လို့ရသလို၊ **SARS** ရောဂါကိုလည်း ကာကွယ်တဲ့နည်းတွေရှိလို့ ကျွန်မကို အဲဒီကြောက်စိတ်က မလွှမ်းမိုးခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မကို စိုးရိမ်စိတ် (**Anxiety**) တွေ လွှမ်းမိုးခဲ့ပါတယ်။ ကျွန်မရဲ့ အသိစိတ်နဲ့ မရေရာတဲ့ ပြင်ပအခြေအနေတွေကြောင့်ပေါ့၊ ဆာလံ ၁၀၃ ကို ရွတ်ဆိုနေခဲ့ရင်း ဘုရားသခင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းမိပါတယ်။ ကျွန်မရဲ့ နေထိုင်ရေးနဲ့ အလုပ်အခြေအနေတွေဟာ ကျွန်မရဲ့ ကျန်းမာရေး မဆင်ခြင်တာနဲ့ပေါင်းပြီး စာတန်ရဲ့ ထိုးနှက်မှုကိုခံရဖို့ ကြုံလာခဲ့ပါတယ်။ ကျွန်မရဲ့ စိုးရိမ်စိတ်ကို စာတန်က အခွင့်အရေး ယူခဲ့ပေမဲ့၊ ဘုရားရှင်က ကျွန်မကို ကျော်လွှားနိုင်ဖို့ ခွန်အားပေးခဲ့ပါတယ်။

ဧပြီ ၂၂ ရက်ကနေ မေ ၆ ရက်အထိ မြန်မာပြည်ကို ပြန်လည်ဖို့ ကျွန်မ ခွင့်ရခဲ့ပေမဲ့ ကျွန်မ မပြန်ခဲ့ပါဘူး။ ကိုယ့်ကိုယ်ကို ဆားရ်စ် ရောဂါ ရှိနေသလားလို့ သံသယ စိတ်လဲ ဝင်ခဲ့ပါတယ်။ အဲဒီ အတောအတွင်းမှာလဲ စင်ကာပူနိုင်ငံမှာ တီဗွီကြည့်လဲ ဆားရ်စ်၊ သတင်းစာဖတ်လဲ ဆားရ်စ်၊ စကားပြောလဲ ဆားရ်စ် အကြောင်းဘဲ ဖြစ်နေပါတယ်။ မေ ၇ရက်နေ့၊ ကျွန်မ အလုပ်ပြန်တက်တော့ လူနာတစ်ယောက်စ၊ နှစ်ယောက်စ အဖျားရှိနေပါတယ်။

၈ ရက်နေ ၁၀ ရက်နေ့အထိ ညဆိုင်းတာဝန် လုပ်ရတော့ လူနာအသစ်တွေ ထပ်ဖျားပါတယ်။ ၁၃ ရက်နေ့မှာ အဖျားကူးစက်ပြန့်နှံ့ကြောင်း ကြေငြာခဲ့သလို လူနာအချို့နဲ့ ဝန်ထမ်းအချို့ ဆေးရုံတက်ပြီး ကုသမှု ခံယူခဲ့ရပါတယ်။ ကျွန်မတို့ အဆောင်က ဝန်ထမ်းတွေကိုလဲ အပြင်ထွက်ခွင့် ပိတ်လိုက်ပါတယ်။ အိမ်ရှင်ရဲ့ စိုးရိမ်စိတ်က ကျွန်မကို တွေဝေစေခဲ့ပါတယ်။ ဆေးရုံက တာဝန်ယူလို့ ၁၄ ရက်နေ့ သန်းခေါင်ကျော်အချိန်မှာ နေစရာရခဲ့ပေမဲ့ ၁၅ ရက်နေ့မနက်မှာ အဖျားတက်ပြီး၊ ညနေ ၇နာရီမှာ ဆေးရုံ ရောက်ခဲ့ပါတယ်။

ဆေးရုံ အတက်နဲ့ အဆင်း ဓါတ်မှန် ၂ခါရိုက်၊ သွေးဖောက်စစ်ပြီး၊ ၁၇ရက်နေ့ မနက် ၁၁း၃၀ မှာ ဆေးရုံက ဆင်းခွင့်ရခဲ့ပါတယ်။ ရောဂါဖြစ်နေတဲ့ ကျွန်မကို အရင်အလုပ်ရှင်က ပြန်လက်မခံမှာ စိုးရိမ်တဲ့အတွက် အလုပ်အသစ်ကို ဆေးရုံက စီစဉ်ပေးခဲ့ပါတယ်။ အဲဒီည ၁၁နာရီမှာ “အိမ်ပြင်မထွက်ရ” အမိန့် ရုပ်သိမ်းစာ ရခဲ့ပါတယ်။ ၁၉ ရက်နေ့မှာ အခု အလုပ်လုပ်နေတဲ့ အိမ်သစ်ကို ပြောင်းခဲ့ပါတယ်။ ၂၃ ရက်နေ့မှာ အလုပ်ပြန်ဆင်းခဲ့ပါတယ်။ ၂၅ ရက်နေ့အထိ စင်ကာပူ ကျန်းမာရေး

ဝန်ကြီးဌာနနဲ့ ရဲစခန်းက ကျွန်မ ဆားကိုစ်ရောဂါ ပျောက်မပျောက်ဆိုတာကို သေချာအောင် စစ်ဆေးမေးမြန်းနေတုံးပါဘဲ။ အဲဒီလို အကောင်းအဆိုးကြားက ဘုရားရှင်က ကျွန်မကို ကွယ်ကာစောင့်ရှောက်ပြီး လုံခြုံမှုပေးခဲ့တာကို ခံစားခဲ့ရတဲ့အတွက် သက်သေခံလိုက်ပါတယ်။


*** ကျွန်မရဲ့ အပြစ်ကိုသမျှကို ပြေလွှတ်ပြီး၊ အနာရောဂါ ရှိသမျှကို ပျောက်စေခဲ့ပါတယ်။ ကျွန်မ အသက်ကို ပျက်ဆီးခြင်းက ရွေးပြီး ကျေးဇူးပြုခဲ့ပါတယ်။ [ ဆာလံ ၁၀၃း၄ ]**
*** ကျွန်မ မိုက်မဲ သတိလစ်ပြီး၊ ပျက်ဆီးခြင်း၊ မရောက်ခဲ့တာဟာ ခရစ်တော်ရဲ့ ကျေးဇူးတော်သက်သက်ပါ၊ [ သုတ္တံ ၁း၃၂၊ ယောဟန် ၃း၁၆ ]**
*** စိတ်ရှုပ်နေတဲ့ကြားက လုပ်စရာရှိတာကို ညွှန်ကြားပေးခဲ့တာလဲ ဝိညာဉ်တော်ဘုရားပါဘဲ။ [ ၂ကော ၁း၂၀-၂၂ ၊ ၂ကော ၅း၅၊ ဧဖက် ၄း၁၅ ]**
*** ဘုရားရှင်ဟာ ကျွန်မကို ခွန်အားပေးခဲ့ပါတယ်။ [ ဖိ ၄း၁၃၊ ဆာ ၁၈း၁-၃၊ ၂ရာ ၂၂း၂-၃ ]**
*** ဖြောင့်မတ်တဲ့ ဘုရားရှင်ဟာ ဖြောင့်မတ်တဲ့တရားကို ဖန်ဆင်းခဲ့သလို ကျွန်မ ကိုလဲ ဖြောင့်မှန်စွာ ဟောကျယ်ပေးခဲ့ပါတယ်။ [ ဟေရှာယ ၄၅း၈ ]**

ကျွန်မ ဒီလို ချီးမွမ်းရတာဟာလဲ ၊ ကြီးမားလှတဲ့ မေတ္တာနဲ့ သစ္စာဆိုပြီး ချစ်ခဲ့တဲ့ ဘုရားရှင်ကြောင့်ပါဘဲ ( ဟေရှာယ ၄၅း၂၀-၂၄ ) ဆိုတာကို ဝန်ခံရင်း ဝေမျှလိုက် ပါတယ်။ ။ [ **အနေ၁** ]

# တကယ်ချစ်ရဲ့လား

ကျွန်တော် ဆယ်ကျော်သက် အရွယ်တုံးက ကောင်မလေးတစ်ယောက်ကို ဘယ်လိုချစ်မိသွားလဲ မသိဘူး။ အရမ်းချစ်တာဘဲဗျာ၊ တစ်ချိန်လုံးခေါင်းထဲမှာ သူ့အကြောင်းကိုဘဲ တွေးနေမိတယ်။ သူ့ဆိုက စကားသံလေးတွေကို ကြားချင်နေမိတယ်။ သူ့မျက်နှာညှိုးတာကို မမြင်ချင်ဘူးဗျာ။ ပြုံးပျော်နေတာကိုဘဲ အမြဲမြင်ချင် နေမိတယ်။ ပြီးတော့ သူ့အတွက်ဆိုရင် ကျွန်တော်အမြဲ အဆင်သင့်ရှိတယ်။ သူ ကျွန်တော့်ကို ဘာမှမပြောရသေးခင် ကျွန်တော်က အလိုက်သိသိနဲ့ အမြဲ လုပ်ပေး နေမိတယ်။ သူ့အတွက်သာဆိုရင် ကျွန်တော် ဘာဘဲလုပ်ပေးရ၊ လုပ်ပေးရ။ မောတယ်လို့ မထင်ဘူးဗျာ။ ဇာတိရှိယို သီချင်းလေးလိုပေါ့။ " မောတော့ မောတာပေါ့ ... ဒါပေမဲ့ မမောဘူး ..." ပြီးတော့ ကျွန်တော် သူ့ကို ချစ်တာ ပေးဆပ်ခြင်း သက်သက်ပါဘဲ။ ဘယ်သူတွေ ဘာဘဲပြောပြော ကျွန်တော် ကရုမစိုက်ဘူး။ ကျွန်တော် ကရုစိုက်တာ သူ့တစ်ယောက်တည်းကိုဘဲ။ အဲဒီလောက်အထိ ကျွန်တော်သူ့ကို ချစ်ခဲ့တာ။ အခု ကျွန်တော် အသက်နှစ်ဆယ် တော်တော်လေး ကျော်လာတော့၊ တစ်စုံတစ်ယောက်က ကျွန်တော့်ကို မေးတယ်ဗျာ။ " မင်း ငါ့ကို တကယ် ချစ်ရဲ့လား " တဲ့။ အဲဒီတော့ ကျွန်တော် ပြန်စဉ်းစားတယ်၊ ကျွန်တော့် အတွေးထဲမှာ သူ အမြဲရှိရဲ့လား။ သူ့အတွက် ကျွန်တော် ဘာလုပ်ပေးပြီးပြီလဲ။ နိုင်းစရာမလိုဘဲ အလိုက်သိသိ လုပ်ပေးခဲ့ရဲ့လား။ သူ့စကားကို အမြဲတမ်းကြားချင်ပြီး၊ သူ ပြုံးပျော်တာကို တကယ်မြင်ချင်ရဲ့လား။ သူ့ အတွက် ကျွန်တော် အမြဲတမ်း အဆင်သင့်ရှိပြီး မမောမပန်း ပေးဆပ်နိုင်ရဲ့လား၊ အဲဒီ မေးခွန်းတွေနဲ့ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်လိုက်တဲ့အခါမှာ ကျွန်တော်လေ၊ ကိုယ့်ကိုယ်ကို အားမလို အားမရ ဖြစ်ခြင်းနဲ့အတူ၊ ဝမ်းနည်းကြေကွဲစွာ ခံစားခဲ့ရတယ်။ ကျွန်တော် သူ ကျေနပ်တဲ့ အဖြေကို မပေးနိုင်ခဲ့ဘူး။ တကယ်ဆို ကျွန်တော်လေ၊ အားရပါးရ ဝမ်းမြောက် ရွှင်လန်းစွာနဲ့ "တကယ်ချစ်တယ်"ဆိုပြီး ဖြေနိုင်ရမှာ၊ အခုတော့ဗျာ။

ကျွန်တော် သူ့ကို တကယ်မချစ်သေးဘူး။ သူ့ကို အပေါ်ယံလောက်ဘဲ ကျွန်တော်ချစ်တာ၊ သူ့အတွက် လုပ်တော့ လုပ်ပေးပါရဲ့၊ ဒါပေမဲ့ ညည်းညူခြင်းတွေ၊ စိတ်ပျက် စိတ်ဓါတ်ကျခြင်းတွေက ပိုများနေတယ်။ သူ့စကားတွေကိုလည်း နားတော့ ထောင်ပါတယ်။ ဒါပေမဲ့ နှလုံးသားထဲမှာ အမြဲမထားဘူး၊ မလိုက်လျှောက်တဲ့ အချိန်တွေ အများကြီးဘဲ။ ဥပမာ ... သူပြောခဲ့တဲ့၊ " အချင်းချင်းချစ်ကြလော့" ဆိုတာကိုတောင် အပြည့်အဝ မလိုက်လျှောက်နိုင်ဘူးလေ။ သူငယ်ချင်းတွေနဲ့ မကြာခန စိတ်ဆိုး ရန်ဖြစ်၊ စိတ်နာနဲ့ ဖြစ်နေတာ၊ သူပြုံးပျော်ဖို့အတွက် သူ့ပညတ်ချက်တွေအတိုင်း လိုက်လျှောက်ရဲ့လား ဆိုတော့လဲ၊ အင်း ... မလိုက်လျှောက်သေးဘူး။ ကျွန်တော်လေ သူ့ကို တကယ်ချစ်ချင်ပါတယ်။ ကျွန်တော့်ရဲ့ ပါးစပ်ကနေ သူ့ကို "ချစ်တယ်"လို့မကြာခန ပြောနေပေမဲ့၊ ကျွန် တော့်ရဲ့ စိတ်နှလုံး၊ အပြုအမူ၊ အပြောအဆို တွေက "တကယ်မချစ်သေးဘူး" ဆိုတာကို သက်သေပြနေပါ တယ်။



သူ့ဘက်ကတော့ ကျွန်တော့်ကို အသက်ပေး ပြီးတော့တောင် ချစ်တာပါ။ အခုဆိုရင် မိတ်ဆွေလဲ "မင်း ငါ့ကို တကယ်ချစ်ရဲ့လား " လို့မေးနေတဲ့ မေးခွန်း ပိုင်ရှင်ကို သိနေလောက်ပါပြီ။ မေးခွန်းပိုင်ရှင်က "သခင်ယေရှု" ကိုယ်တော်တိုင်ဘဲ ဖြစ်ပါတယ်။ ကျွန် တော် ဒီမေးခွန်းကို နှလုံးသားပါစွာ ပြန်လည် ဖြေဆိုနိုင်ဖို့အတွက် ဘဝတစ်ခုလုံးကို သူ့လက်ထဲအပ်နှံပြီးတော့ မျှော်လင့်တကြီးနဲ့ အချိန်တစ်ချိန်ကို စောင့်စားနေပါတယ်။ နောက်မကျသေးတဲ့ အချိန်တစ်ချိန်မှာတော့ ကျွန်တော် သူ့ကို တကယ်ချစ်တဲ့ အကြောင်းကို သက်သေပြနိုင်ပါလိမ့်မယ်။ အခုအချိန်မှာတော့ မာကု ၉း၂၄ က အတိုင်း " ကျွန်ုပ် ယုံကြည်ပါ၏ သခင်၊ မယုံကြည်သည်ကို မစ တော်မူပါ " ဆိုတဲ့ ဆုတောင်း ချက်အတိုင်း " ကျွန်တော် ချစ်ပါသည်၊ မချစ်နိုင်သေး သည်ကို မစ တော်မူပါ "လို့ ဘဲ ဆုတောင်းလိုက် ချင်ပါတော့တယ်။ ။ [ **ကုဏ္ဍ** ]

# ငါ့အကြောင်း၊ မသိကောင်းစရာ

ငါ လျှောက်နေတဲ့ လမ်းက မှားမှန်း ငါသိနေတယ် ၊
ငါ လုပ်နေတဲ့ အရာတွေဟာ မဟုတ်မှန်းလဲ ငါသိနေတယ်။
ငါ့ ကိုယ် ငါ ပြင်မယ်လို့ ကြံလိုက်တိုင်း ၊
လူတွေရဲ့ သရော် လှောင်ပြောင်သံတွေ
လောကရဲ့ တပ်မက်မှု ဆွဲအားတွေက
ပြင်မယ်လို့ လှမ်းလိုက်တဲ့ ငါ့ခြေလှမ်းတွေကို
တုံ့နေး ရပ်တန့်သွားအောင် အမြဲဘဲ လုပ်နေလို့
မထူးဇာတ်ခင်းကာ ဘဝဟောင်းထဲမှာဘဲ ပျော်မွေ့ပြီး
အပြစ်ရဲ့ သံသရာထဲ လည်နေမိခဲ့တယ်။
ဒီလိုသာ ဆက်ပြီး အသက်ရှင်နေမယ် ဆိုရင်တော့
ငါ့ဘဝကြီးဟာ အေအိုင်ဒီအက်စ် စွဲကပ်နေတဲ့
ရောဂါ ဝေဒနာရှင်လို လုံးပါးပါး သွားလိမ့်မှာ သေချာလို့နေရဲ့ ...

‘ ငါဘယ်လို လုပ်ရမလဲ ’
ငါ့ရဲ့ နှလုံးသားထဲ ဝင်ရောက်လာတဲ့ အသိတရားတစ်ခု
ငါ့ကို ဖန်ဆင်းသော "ခရစ်တော်"
ငါ့ကို အဆုံးအစမဲ့ မေတ္တာနဲ့ ချစ်တာ "ခရစ်တော်"
ငါပြုခဲ့တဲ့ အပြစ်တွေအားလုံးကို ကားတိုင်ပေါ်မှာ ပေးဆပ်သွားတာ "ခရစ်တော်"
ငါ့ကို ထာဝရ အသက်ပေးနေတာလဲ "ခရစ်တော်" ဘဲလေ။
ဒါတွေကို ဥပေက္ခာပြုပြီး ၊ ငါ့စိတ်တိုင်းကျ ဆက်ပြီး အသက်ရှင်မယ်ဆိုရင်တော့
ခရစ်တော်ရဲ့ နှလုံးသား ကြေကွဲလို့သွားအောင် ငါမိုက်မဲစွာ ပြုလိုက်ပြီပေါ့။
ခရစ်တော် ကြွလာဖို့ရန် အချိန်နီးကပ်လို့လာပြီ ၊
အဆင်သင့်ဖြစ်သော အသက်တာနဲ့ စောင့်ကြိုကြရအောင် ... ...
ခရစ်တော်၌ ... [ **လျှန်ကေးလေး** ]

# မြမြသောကျောက်မြတ်



အိမ်မက်ရဲ့ တံခါးတွေ
ဟိုး အဝေး ... ကောင်းကင်သစ်ဆီ
လွင့်ပြေးကုန်ပြီ။

အကျွန်ုပ် ယုံကြည်သော ကယ်တင်ရှင်က
မျက်ရည်များစွာနဲ့ ဆုတောင်းပေးခြင်း ...
အသက် သွေးသွန်းပေးခြင်း ...
ပြုလုပ်ပေးနေရဲ့သားနဲ့ ၊
အကျွန်ုပ်၌ မြင်နိုင်စွမ်း တံခါးပေါက်တွေ
ဘာ့ကြောင့် ပိတ်နေတာလည်း ။

တကယ်ဆိုရင် မာရ်နတ် နှင့် ကျွန်ုပ်ကြား၌
ဘာ ကျေးဇူး မှ မရှိ၊
ဘာ ဇယား မှ မရှိ၊
သို့သော်ငြားလည်း ...
ကျွန်ုပ်ရဲ့ ကောင်းကင်မှာ
စာတန်ရဲ့ ညစ်နေ့ခင်းများက ပိတ်ဆို့နေခဲ့တာ
အကျွန်ုပ် ဘဝ၏ အာရုဏ်တက်ချိန်က
အဝေးတစ်နေရာရဲ့ ကြမ်းပြင်ပေါ်၌
အလင်းမဲ့စွာ အားအင် ကုန်ခမ်းနေပါပြီ ။

ကတိများစွာ ပေးခဲ့သော်ငြား
နှစ်ကြိမ်မြောက် ကြက် မတွန်မှီ
သုံးကြိမ်မြောက် ငြင်းပယ်ခဲ့သော
'ပေတရု' ၏ နောင်တ
မိုက်မဲခြင်းကို ကျက်စားတတ်သော
မှောင်မိုက် နှလုံးသား ၊
အဆိပ်အပြည့်နှင့် ထောင်လွှားနေသော နှလုံးသား ၊
ဇီအုန်တောင်၌ ရှိသော
မြမြသော တိုက်ထောင့် အမြစ် ကျောက်မြတ် ၌
ကိုယ်တော်ရှင်အား အမှီပြုပါ၏။

ကြမ်းကြုတ် စော်ကားတတ်သူများ ရှေ့၌
နှိမ့်ချခြင်းကို ပေးတော်မူပါ။
အကျွန်ုပ် မျက်စိ၌ ရှိသော တံကျင်ကို ဖယ်ရှားပေးတော်မူပါ ။
အာမင်။

SND ( 30-4-03 ) NED

# ဖေဖေ...သို့



စားဝတ်နေရေး ၊ အမေ ရှာကျွေး
သောက်ပြီး မှောက်နေ ၊ တို့ ဖေဖေ။

ညဝတ် အိမ်ထောင် ၊ အမေ ဦးဆောင်။
မူးပြီး ယောင်နေ ၊ တို့ ဖေဖေ ။

ကျမ်းစာ ဖြိုင်ပွဲ ၊ သား ဆင်နွှဲ
လဲပြီး ကွဲနေ ၊ တို့ ဖေဖေ ။

စားစရာ ဆန်မရှိ ၊ အမေ့ ရင်မချိ
မသိတတ်ပေ ၊ တို့ ဖေဖေ ။

ရွာရိုး တစ်လျှောက် ၊ သူ လေရောက်
သောက်မြဲ သောက်နေ ၊ တို့ ဖေဖေ ။

ကျန်းမာစေကြောင်း ၊ ဆုတွေတောင်း
ပြောင်းလဲပါစေ ၊ တို့ ဖေဖေ ။

သို့သော်လဲ ...
မှောက်မြဲ မှောက်နေ ၊ တို့ ဖေဖေ
သောက်မြဲ သောက်နေ ၊ တို့ ဖေဖေ
ရောက်မြဲ ရောက်နေ ၊ တို့ ဖေဖေ ။
( ဇခင် လောင်းချေး ခရို ... )

SAW A. THAW



# ပန်းခြံတခု

ပန်းကလေးတွေ ပေါ်ကို
လိပ်ပြာကလေး ပျံဝဲနေတယ် ။

ပြီးတော့ ထွက်ပြေးသွားတယ်။
ပျားကလေးတွေ ရောက်လာလို့ပါ။
လေတွေကလည်းတိုက်လို့ပေါ့ ။

၊ မကြာပါဘူး။ ထွက်ပြေးပြန်တယ် ။
ပိတုန်းတစ်ကောင်ရောက်လာတယ်လေ ။

အဲဒီနေ့မှာဘဲ
ပန်းကလေးစောစော အိပ်ယာဝင်သွားတယ်။

ဥယျာဉ်မှူးကတော့
မြေတွေကို တူးဆွလို့
အသစ်ပျိုးနေလေရဲ့ ။
မှူး၁၁။

